ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၉

ဦးကိုကိုထွေး (တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီ)

နှင့်

၁။ အင်နီနိုင်ငံတကာဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီ (၎င်းကိုယ်စား Mr.Kim Yong San)
၂။ ရှင်ဒုံအ အထွေထွေဆောက်လုပ်ရေး ကုမ္ပဏီ (၎င်းကိုယ်စား Mr. Choi Byung Joon )

(တရားလို) (တရားပြိုင်များ)

တရားလိုအတွက် - ဒေါ်မြင့်ဆွေ၊ တရားလွှတ်တော်ရှေ့နေ
တရားပြိုင် (၁) အတွက် - ဦးနေဦး၊ တရားလွှတ်တော်ရှေ့နေ
တရားပြိုင် (၂) အတွက် - ဦးလှရွှေ၊ တရားလွှတ်တော်ရှေ့နေ

## အမိန့်

မှာ၃စနခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
မှာ၁၀နှိပ်သူသည်

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ လ ၂၄ ရက်

၁ တရားပြိုင်မှ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၁၀ (က) အရ တရားလို၏ စွဲဆိုမှုအား အနုညာတ စီရင်ဆုံးဖြတ်ခြင်း ခံယူစေရေးအတွက် လွှဲပြောင်းပေးရန် လျှောက်ထားမှုအပေါ် အမိန့်ချမှတ်ခြင်းဖြစ်သည်။

၁ တရားပြိုင်၏ လျှောက်လွှာတွင် တရားလိုနှင့် ၁ တရားပြိုင်တို့ချုပ်ဆိုထားသည့် ဆိုလွှာနှင့် ပူးတွဲစာရင်းစဉ် - ၂ ဖြစ်သော ၇-၂-၂၀၁၈ နေ့စွဲပါ စာချုပ်အပိုဒ် - ၁၉၊ အပိုဒ်ခွဲ - ၁ အရ အငြင်းပွားမှု ပြေငြိမ်းခြင်းတွင် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ (ခုံသမာဓိတရားစီရင်ရေး) ဖြင့် အဆုံးအဖြတ်ခံယူမည်ဟု ချုပ်ဆိုထားသဖြင့် တရားလိုနှင့် ၁ တရားပြိုင်တို့ အငြင်းပွားသည်ဟု အဆိုပြု စွဲဆိုမှုအား အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူစေရေးအတွက် လွှဲပြောင်းပေးစေသည့် အမိန့်ချမှတ်ပေး ရန် ဖော်ပြလျှောက်ထားသည်။

တရားလို၏ရှေ့နေက စာချုပ်တွင် မြန်မာနိုင်ငံတည်ဆဲ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေဖြင့် အဆုံးအဖြတ်ခံယူရမည်ဟု သဘောတူထားခြင်းမရှိ၍ တောင်းဆိုခွင့်မရှိကြောင်း၊ တရားလို စွဲဆိုသောအမှုတွင် အမိန့် - ၃၉၊ နည်းဥပဒေ - ၂ အရ တရားလို၏ လျှောက်ထားမှုကို ၂ တရားပြိုင်က

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်ကြောင်း ၁ တင်ပြထားပြီးဖြစ်ကြောင်း ။ မြန်မာနိုင်ငံ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ - ၁၀ (က) တွင် အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူစေရေးအတွက် လွှဲအပ်ပေးရန် လျှောက်ထားမှုသည် အငြင်းပွားသည့် အဓိကအကြောင်းအရာနှင့် စပ်လျဉ်း၍ စာဖြင့်ရေးသားတင်ပြချက် တစ်စုံတစ်ရာ တင်သွင်းသည့် အချိန်ထက် နောက်မကျစေရဘဲ လျှောက်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသဖြင့် ၂ တရားပြိုင်က ကန့်ကွက်လွှာတင်ထားပြီးဖြစ်၍ အနုညာတစီရင်ဆုံးဖြတ်ရန် လွှဲအပ်ပေး၍မရတော့ကြောင်း ၊ ကြိုမှုလာစာချုပ်အပိုဒ် - ၁၉.၁ အနုညာတ သဘောတူညီချက်တွင် နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးအဖွဲ့ချုပ် (ICC) မှ ချမှတ်ထားသည့် ဥပဒေအရ ဆုံးဖြတ်ရန်ဟု သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ - ၂ (က) နှင့် မညီညွတ် ၊ ဥပဒေကတားမြစ်ထားသော သဘောတူညီချက်ဖြစ်ကြောင်း၊ ပျက်ပြယ်ပြီးဖြစ်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေနှင့် အကျုံးမဝင်ခြင်း ၊ ၁ တရားပြိုင်သည် အနုညာတသဘောတူညီချက်ပါ ၅၆ ရက်အတွင်း လုပ်ငန်းစဉ်အဆင့်များမလုပ်ဘဲ ခုံသမာဓိဖြင့် ဆုံးဖြတ်ခြင်းကို လျှောက်ထားခြင်းဖြစ်၍ ပလပ်သင့်ကြောင်း ၊ စာချုပ်အပိုဒ် ၁၉.၁ ပါ လုပ်ငန်းမပြီးမချင်း အနုညာတစီရင်ဆုံးဖြတ်ရန်မပြုရဟု သဘောတူညီချက်အရ စာချုပ်ပါလုပ်ငန်းဆောင်ရွက်ဆဲ ကာလတွင် အနုညာတစီရင်ဆုံးဖြတ်ရန် ပြုလုပ်ခွင့်မရှိကြောင်း ၊ စာချုပ်အပိုဒ် (၁.၁) (ခ) တွင် ကန်ထရိုက်တာသည် အလုပ်ရှင် (ဝါ ) အင်နိုနိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ ကိုယ်စားလှယ်သာဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားရာ တရားလိုတော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီသည် ၁ တရားပြိုင်၏ တည်ဆောက်ရေးလုပ်ငန်းများကို တရားပြိုင်ကိုယ်စား ဆောက်လုပ်ပေးရခြင်းဖြစ်၍ အလုပ်ရှင်နှင့် ကိုယ်စားလှယ်တို့မှာ တဘက်တည်းရှိသူများဖြစ်ကြောင်း ။ နှစ်ဖက်အငြင်းပွားမှု မဟုတ်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် မသက်ဆိုင်ကြောင်း၊ ၁ တရားပြိုင်နှင့် တရားလိုတို့သည် စာချုပ်ပြင်ဆင်ရန် နှစ်ဦးနှစ်ဘက် သဘောတူသော်လည်း ၁ တရားပြိုင် အဆိုပြုသည့်စာချုပ်မှာ ဥပဒေနှင့်ညီညွတ်ခြင်း မရှိသည့် ကိစ္စများဖြစ်၍ ဥပဒေနှင့်အညီ ပြင်ဆင်ပေးနိုင်ရန် စွဲဆိုသောအမှုသည် နှစ်ဖက်အငြင်းပွားမှုမဟုတ်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် မသက်ဆိုင်ကြောင်း ။ နှစ်ဦးနှစ်ဖက် နားမလည်၍ ချုပ်ဆိုခဲ့သောစာချုပ်ပါ စည်းကမ်းချက်များသည် ပျက်ပြယ်နေသော စည်းကမ်းချက်များဖြစ်၍ တရားရုံးတွင် တင်ပြတောင်းခံခွင့် မရှိကြောင်း ၊ ၁ တရားပြိုင်နှင့် တရားလိုတို့ ချုပ်ဆိုထားသော ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာချုပ်ကို ရပ်စဲကြောင်း ၁ တရားပြိုင်က ၂၃-၁၁-၂၀၁၈ နေ့တွင် စာဖြင့်ပေးပို့အကြောင်းကြားလာသဖြင့် စာချုပ်ပါအခွင့်အရေးကို ၁ တရားပြိုင်က တောင်းဆိုခွင့်မရှိကြောင်း ။ စာချုပ်အပိုဒ် - ၁၉.၁ သည် ပျက်ပြယ်ပြီးဖြစ်ကြောင်း ၊ လက်တွေ့တွင် ဥပဒေနှင့်ညီသည့် ပဋိညာဉ်အဖြစ် ပြင်ဆင်ဖြည့်စွက်၍ ဆောင်ရွက်သွားရန် တရားစွဲဆိုထားခြင်းဖြစ်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေနှင့် ဆောင်ရွက်သွားရန် အကြောင်းမပေါ်ပေါက်၍ ၁ တရားပြိုင်၏ လျှောက်ထားမှုကို ပလပ်ပေးရန် ကန့်ကွက်သည်။

၂ တရားပြိုင်၏ရှေ့နေက တရားလိုနှင့် ၁ တရားပြိုင်တို့ ၇-၂-၂၀၁၈ ရက်စွဲပါ စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဆိုလွှာအပိုဒ် - ၉ အရ ပေါ်ပေါက်ပြီး အဆိုပါစာချုပ်အပိုဒ် - ၁၉.၁ တွင် အငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိကြောင်း ၊ အနုညာတစီရင်ဆုံးဖြတ်မည့် နေရာအတွက် သတ်မှတ်ထားသော သဘောတူညီချက်သည် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၃(ဠ) နှင့် ညီညွတ်ကြောင်း ၊ အနုညာတသဘောတူညီချက် ပျက်ပြယ်ကြောင်း (သို့မဟုတ်) အကျိုးသက်ရောက်မှုမရှိကြောင်း (သို့မဟုတ်) ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း တရားလို၏ဆိုလွှာတွင် အဆိုပြုထားခြင်းမရှိဘဲ ၇-၂-၂၀၁၈ နေ့စွဲပါ စာချုပ်သည် ပျက်ပြယ်ခြင်းမရှိကြောင်း ဆိုလွှာတွင် ဝန်ခံထားသဖြင့် အနုညာတသဘောတူညီချက်သည် ပျက်ပြယ်ခြင်းမရှိကြောင်း ၊ တရားလိုနှင့် ၁ တရားပြိုင်တို့အကြား အငြင်းပွားမှုပေါ်ပေါက်ပါက အနုညာတနည်းဖြင့် ဖြေရှင်းရန် သဘောတူထားသဖြင့် ထိုသဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း ၊ စာချုပ်အပိုဒ် ၁၉.၁ တွင် လုပ်ငန်း

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကိစ္စများ ဆောင်ရွက်ရာတွင်ဖြစ်စေ ၊ လုပ်ငန်းပြီးဆုံးချိန်တွင်ဖြစ်စေ ၊ ပဋိညာဉ်စာချုပ် ငြင်းပယ်ရပ်စဲပြီး နောက်တွင်ဖြစ်စေ ၊ ငြင်းပယ်ရပ်စဲခြင်း မပြုမီဖြစ်စေဟူ၍ သဘောတူထားသဖြင့် ပဋိညာဉ်စာချုပ်ကို ရပ်စဲပြီးနောက်လည်း ရပ်စဲခြင်းမပြုမီက ဖြစ်ပွားခဲ့သော အငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်ခြင်း ဖြင့်သာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ - ၁၀ (က) အရ ၁ တရားပြိုင်၏ လျှောက်ထားမှုအား အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူစေရန်အတွက် လွှဲပြောင်းသည့် အမိန့်ချပေးရန် တင်ပြသည်။

တရားလိုက တရားပြိုင် ၁ ၊ ၂ တို့အပေါ် စွဲဆိုသည်အမှုမှာ ၁ တရားပြိုင်သည် အင်နိုမြို့တော်စီမံကိန်းအတွက် တည်ဆောက်ခွင့်ရသော ကုမ္ပဏီဖြစ်ပြီး ၎င်း၏ဆောက်လုပ်ရေးလုပ်ငန်းကို ၂ တရားပြိုင်က Main Contractor အဖြစ် ဆောက်လုပ်မည်ဖြစ်ကြောင်း ၊ စီမံကိန်းအတွက် ဆောက်လုပ်ရေးလုပ်ငန်း (Structure work) အား တဆင့်ခံ ကန်ထရိုက်တာအဖြစ် တရားလိုအား လုပ်ကိုင်ရန် လုပ်ငန်းအပ်နှံကြောင်း၊ ၇-၂-၂၀၁၈ နေ့တွင် မူလစာချုပ်နှင့် အထူးသဘောတူညီချက် ၁ တို့ကို နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပြီး အထူးသဘောတူညီချက် ၁၊ ၂၊ ၃၊ ၄ စသည်ဖြင့် အကြိမ်ကြိမ်ပြုပြင် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသော်လည်း နှစ်ဦးနှစ်ဖက် ဆောင်ရွက်ရမည့် တာဝန်နှင့် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြတ်သားစွာ ချုပ်ဆိုနိုင်ခြင်း မရှိသေးကြောင်း ၊ စာချုပ်ပါ သဘောတူညီချက်အချင်းချင်း ဝိရောဓိဖြစ်နေ၍ ပဋိညာဉ်ကို ပြင်ဆင်ရန်လိုအပ်ကြောင်း ၊ လက်တွေ့ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည့် ပဋိညာဉ်အဖြစ် ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်ရန်လို သဖြင့် တရားရုံးဒီကရီဖြင့် ပြင်ဆင်ပေးရန် အကြောင်းပေါ်ပေါက်လာကြောင်း ၊ မူလပဋိညာဉ်ကို ပြင်ဆင်ချုပ်ဆိုပေးစေသည့် ဒီကရီချမှတ်ပေးရန်နှင့် ၁ တရားပြိုင်သည် စာချုပ်ဖြင့်တည်ဆဲဖြစ်သော ပဋိညာဉ်စည်းကမ်းချက်ကို မလိုက်နာဘဲ ဖောက်ဖျက်သည်ကို ဖုံးကွယ်ပြီး ပဋိညာဉ်အသစ်နှစ်ရပ် ချုပ်ဆို၍ ပယ်ဖျက်ရန်ကြိုးစားနေခြင်း ၊ တရားလို လက်ခံဆောင်ရွက်နေသည့် လုပ်ငန်း၏ တစ်စိတ်တစ်ဒေသကို ၎င်းတို့သဘောဖြင့် လွှဲပြောင်းရယူပြီး ဝင်ရောက်လုပ်ကိုင်ခြင်း ၊ တပါးသူတို့အား လွှဲပြောင်းလုပ်ကိုင်စေခြင်းတို့ကို ဆောင်ရွက်နေသဖြင့် ပဋိညာဉ်စာချုပ်အရ Sub Contract အဖြစ် တရားလိုလက်ရှိထား လုပ်ကိုင်နေသော ဆောက်လုပ်ရေးလုပ်ငန်းကို အခြားသူသို့လွှဲပြောင်းခြင်း ၊ ဝင်ရောက်လုပ်ကိုင်ခြင်းကို တားမြစ်မိန့်ထုတ်ဆင့်သည့် ဒီကရီချမှတ်ပေးရန် စွဲဆိုသည့်အမှုဖြစ်သည်။

...နှင့်မိတ္တူမှန်
...စစ်ဆေးပြီးမှန်ကန်ကြောင်း၊
...၁၀ နှ ယူသည်

တရားလို၏ဆိုလွှာအရ ၁ တရားပြိုင် Inno International Development Co.Ltd (အလုပ်ရှင်) နှင့် Taw Win Family Co.Ltd (Sub Contractor) တို့ချုပ်ဆိုသော ၇-၂-၂၀၁၈ နေ့စွဲပါ သဘောတူစာချုပ် ပဋိညာဉ်ကို ပြင်ဆင်ပြီး ဆောင်ရွက်စေလိုမှုနှင့် တရားလိုလက်ရှိထား ဆောင်ရွက်နေ သည့် လုပ်ငန်းသို့ ဝင်ရောက်ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်စေခြင်းတို့ကို တားမြစ်ပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ အဆိုပါ ၇-၂-၂၀၁၈ နေ့စွဲပါ စာချုပ်အရ အငြင်းပွားမှုကို ဖြေရှင်းသည့် သဘောတူညီ ချက်နှင့်အညီ အနုညာတစီရင်ဆုံးဖြတ်မှု ခံယူရေးအတွက် လွှဲပြောင်းပေးစေရန် ၁ တရားပြိုင်က လျှောက်ထားခြင်းဖြစ်သည်။

တရားလိုနှင့် ၁ တရားပြိုင်တို့ချုပ်ဆိုထားသည့် ၇-၂-၂၀၁၈ နေ့စွဲပါ သဘောတူပဋိညာဉ် စာချုပ်ကို ဆိုလွှာနှင့်ပူးတွဲတင်ပြထားပြီး ယင်းစာချုပ်အပိုဒ် ၁၉ တွင် အငြင်းပွားမှုဖြေရှင်းခြင်း (Settlement of Disputes)ဟုဖော်ပြကာ အပိုဒ် ၁၉-၁ တွင် အငြင်းပွားမှုအား ငြိမ်းချမ်းစွာဖြေရှင်းခြင်း နှင့် အနုညာတစီရင်ဆုံးဖြတ်မှု (Amicable Settlement and Arbitration) သဘောတူညီချက်ကို ဖော်ပြချုပ်ဆိုထားသည်။ ယင်းစာပိုဒ်သည် ပဋိညာဉ်နှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်ရာ တွင်ဖြစ်စေ ၊ လုပ်ငန်းပြီးဆုံးချိန်တွင်ဖြစ်စေ ၊ လုပ်ငန်းအပြီးသတ်ရပ်စဲချိန်တွင်ဖြစ်စေ ၊ ပဋိညာဉ်စာချုပ်

[illegible]

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

အပြီးသတ်ရပ်စဲခြင်းတွင်ဖြစ်စေ ၊ ရပ်စဲခြင်းမပြုမီဖြစ်စေ ၊ ပဋိညာဉ်စာချုပ်နှင့် ဆက်နွယ်၍ (သို့မဟုတ်) ဆက်နွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်ရှင် (Employer) ၊ အဓိကကန်ထရိုက်တာ (Main Contractor) နှင့် တဆင့်ခံကန်ထရိုက်တာ (Sub Contractor) တို့အကြား အငြင်းပွားမှု ဖြစ်ပွားလျှင် အနုညာတအဆုံးအဖြတ်ခံယူရန် သဘောတူညီထားကြသည်။ စာချုပ်အပိုဒ် ၃.၂ တွင် စာချုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဥပဒေအောက်တွင်ရှိကြောင်း ဖော်ပြထားသည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် - ၅ အဖြစ် ပြဋ္ဌာန်းခဲ့သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၃ (ခ) တွင် အနုညာတသဘောတူညီချက် ဆိုသည်မှာ ပဋိညာဉ် အရဖြစ်စေ ၊ ပဋိညာဉ်အရမဟုတ်သည်ဖြစ်စေ ၊ ဥပဒေနှင့်ညီညွတ်သော ဆက်စပ်မှုများနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သော (သို့မဟုတ်) ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှုအားလုံးကိုဖြစ်စေ ၊ အချို့ကိုဖြစ်စေ ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ခံယူရန်အငြင်းပွားသူများက စာဖြင့်ရေးသားထားသော သဘောတူညီ ချက်ကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေပုဒ်မ ၁၀ (က) တွင် အနုညာတသဘောတူညီချက်ပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ တရားရုံး၌ တရားစွဲဆိုထားသည့်အခါ အငြင်းပွားသူတစ်ဦးဦးက အငြင်းပွားသည့် **အဓိက အကြောင်းအရာနှင့် စပ်လျဉ်း၍ စာဖြင့်ရေးသားတင်ပြချက် တစ်စုံတစ်ရာ စတင်တင်သွင်းသည့် အချိန်ထက် နောက်မကျစေဘဲ** အနုညာတစီရင်ဆုံးဖြတ်ခြင်းကို ခံယူစေရေးအတွက် လွှဲအပ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် တရားရုံးသည် အနုညာတသဘောတူညီ ချက် ပျက်ပြယ်ကြောင်း ၊ အကျိုးမသက်ရောက်ကြောင်း ၊ ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း မတွေ့ရှိပါက အငြင်းပွားသူအား အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူစေရန် လွှဲအပ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ - ၃ (ဠ) (ဌ) တို့တွင် နိုင်ငံခြားအနုညာတ ဆုံးဖြတ်ချက်၊ အနုညာတစီရင်ဆုံးဖြတ်သည့် နေရာတို့၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ပြဋ္ဌာန်းထား သည်။ ပုဒ်မ ၃ (ဠ) တွင် နိုင်ငံခြားအနုညာတဆုံးဖြတ်ချက် ဆိုသည်မှာ နိုင်ငံတော်မှအပ နယူးယောက် ကွန်ဗင်းရှင်းဝင် နိုင်ငံတစ်နိုင်ငံ၏ နယ်မြေဒေသအတွင်း အနုညာတသဘောတူညီချက်အရ ပြုလုပ်သော အနုညာတဆုံးဖြတ်ချက်ကိုဆိုသည်။ ပုဒ်မ ၃ (ဌ) တွင် အနုညာတစီရင်ဆုံးဖြတ်သည့်နေရာဆိုသည်မှာ အနုညာတသဘောတူညီချက်ပါ အငြင်းပွားသူများကဖြစ်စေ ၊ အငြင်းပွားသူများက အာဏာအပ်နှင်း ထားသည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ အနုညာတခုံရုံးကဖြစ်စေ (သို့မဟုတ်) အနုညာတအဖွဲ့အစည်းကဖြစ်စေ သတ်မှတ်ထားသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ကိစ္စရပ်များကို တရားဝင်ဆောင်ရွက်သည့် နေရာကို ဆိုသည်။ ထိုပြဋ္ဌာန်းချက်များအရ ၇-၂-၂၀၁၈ နေ့စွဲပါစာချုပ် သဘောတူညီချက်အပိုဒ် ၁၉.၁ ပါအတိုင်း ဆောင်ရွက်ခြင်းမပြုနိုင်ရန် အကြောင်းမရှိပေ။

တရားလိုနှင့် ၁ တရားပြိုင်တို့ ချုပ်ဆိုထားသည့် အနုညာတသဘောတူညီချက် အပိုဒ် - ၁၉.၁ ပါအတိုင်း စာချုပ်အရ လုပ်ငန်းဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသည့် ဆိုလွှာပါ **အငြင်းပွားမှု၏ အဓိကအကြောင်းအရာနှင့် စပ်လျဉ်းသည့် စာဖြင့်ရေးသားချက် တင်သွင်းခြင်းမပြုမီ** အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူစေရန်အတွက် လွှဲအပ်ပေးရန် ၁ တရားပြိုင်က လျှောက်ထားခြင်း ဖြစ်သည်။ တရားလိုနှင့် ၁ တရားပြိုင်တို့ ချုပ်ဆိုထားသည့် အနုညာတသဘောတူညီချက်သည် ပျက်ပြယ်ကြောင်း ၊ အကျိုးမသက်ရောက်ကြောင်း ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်းလည်း ပေါ်ပေါက် ခြင်းမရှိပေ။ သို့ဖြစ်၍ ၇-၂-၂၀၁၈ နေ့စွဲစာချုပ်ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာသည့် ဆိုလွှာပါ အငြင်းပွားမှုများအတွက် တဆင့်ခံကန်ထရိုက်တာနှင့် အလုပ်ရှင်ဖြစ်သည့် တရားလိုနှင့်

တရားပြိုင်တို့သည် ၎င်းတို့သဘောတူညီထားသည့်အတိုင်း အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် အငြင်းပွားမှုကို ဖြေရှင်းရမည်ဖြစ်ကြောင်း မြင်သာနေသည်။

ထို့ကြောင့် ၁ တရားပြိုင်၏ အနုညာတစီရင်ဆုံးဖြတ်မှု ခံယူစေရေးအတွက် လွှဲပြောင်းပေးရန် လျှောက်ထားမှုအား ခွင့်ပြုသည့်အမိန့် ချမှတ်သည်။

ပုံ ( × × × )
(သင်းသင်းနွဲ့)
တရားသူကြီး

၁၁-၇-၁၉ နေ့ စွဲပါအမိန့်မှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
၁၀-၇-၁၀ နက်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်